# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်

**e-NEWSLETTER**

VOL.4, N0.2

FEBRUARY 2025


## လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပပြုလုပ်






ဇန်နဝါရီလ ၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေး အသိပညာ မြင့်မားလာစေရေး ရည်ရွယ်လျက် လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ဆွေးနွေးဟောပြောပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ သင်ခန်းစာပို့ချမှုများ၊ စာအုပ်စာတမ်းများနှင့် သတင်းအချက်အလက်များ ဖြန့်ချိခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို) အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ရန်ကုန်တိုင်း၊ ခရိုင်၊ မြို့နယ်များမှ အဖွဲ့ဝင်များအား လူ့အခွင့်အရေး အသိပညာ ဗဟုသုတများ တိုးပွားလာစေရန်နှင့် ဘာသာပေါင်းစုံ၏ စုပေါင်းအားဖြင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ချစ်ကြည်ညီညွတ်စွာ အတူတကွ ပူးပေါင်းဆောင်ရွက်သွားမည်ဟူသော အဖွဲ့၏ ရည်ရွယ်ချက်ကို အထောက်အကူပြုနိုင်ရန်တို့ကို ရည်ရွယ်၍ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲတစ်ရပ်ကို ၇-၁-၂၀၂၅ ရက်နေ့၊ ၁၄:၀၀ နာရီအချိန်မှ ၁၇:၀၀ နာရီအချိန်ထိ Esperado Lake View Hotel, Yangon ၌ ကျင်းပပြုလုပ်ခဲ့ရာ အဆိုပါရှင်းလင်းဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့် အရေး ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အရာထမ်း/ အမှုထမ်းများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်

စာ ၃



တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာ ပို့ချ

စာ ၄



ကော်မရှင်မှ တောကြီးတန်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေးခြင်း

စာ ၆



မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှူခင်းရဲတပ်ဖွဲ့၊ (အင်းစိန်) ၌ သင်ခန်းစာ သွားရောက်ပို့ချ

စာ ၈



နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတို့တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ ပို့ချ

စာ ၉



ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ

စာ ၉



ကော်မရှင်မှ ကက်သလစ်သီလရှင်လေးများ ဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးခြင်း

စာ ၁၁



စစ်ဦးစီးတက္ကသိုလ် (ကလော) တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်း စာများ သွားရောက်ပို့ချ

ညီညွတ်ရေးအဖွဲ့ (ဗဟို) မှ ဥက္ကဋ္ဌ ဦးဝဏ္ဏ၊ ဒုတိယဥက္ကဋ္ဌ များ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဖိတ်ကြားထား သည့် ဧည့်သည်များ စုစုပေါင်း ၂၅ဝ ဦးခန့် တက်ရောက် ခဲ့ကြပါသည်။

အဆိုပါရှင်းလင်းဆွေးနွေးပွဲ၏ ဖွင့်ပွဲအခမ်းအနား တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌမှ အဖွင့်အမှာစကားပြောကြား၍ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည် ညီညွတ်ရေးအဖွဲ့ (ဗဟို) ဥက္ကဋ္ဌမှ လူ့အခွင့်အရေးဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေးပွဲ ကျင်းပပြုလုပ်ပေး ခြင်းနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားခဲ့ပါ သည်။ ထို့နောက် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေး အခြေခံအယူအဆအကြောင်းနှင့် စပ်လျဉ်း၍ လူ့အခွင့် အရေး၏ ကျယ်ပြန့်နက်ရှိုင်းသည့် အဓိပ္ပာယ်ဖွင့်ဆိုချက် များ၊ လူ့အခွင့်အရေး၏ ဝိသေသလက္ခဏာများ၊ လူ့အခွင့် အရေး အမျိုးအစားများနှင့် လူ့အခွင့်အရေးဆိုင်ရာ သိသင့် သိထိုက်သည့် အကြောင်းအရာများကိုလည်းကောင်း၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့ လူ့အခွင့်အရေးကြေညာစာတမ်း ပေါ်ပေါက်လာပုံနှင့် ကြေညာစာတမ်းပါ လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့် တို့နှင့် စပ်လျဉ်းသည့် အကြောင်းအရာများကိုလည်း ကောင်း၊ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မိမိခိုင်က မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်း ခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းကို လည်းကောင်း အသီးသီး ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ ထို့နောက် တက်ရောက်လာသူများမှ မေးခွန်းများ မေးမြန်း ဆွေးနွေးခဲ့ကြပြီး ရှင်းလင်းဆွေးနွေးပွဲကို ၁၇:၀၀ နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သတင်းထုတ်ပြန်ချက် (၁/၂၀၂၅)

ဇန်နဝါရီလ ၅ ရက်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အနေဖြင့် အကျဉ်းထောင်၊ အချုပ်ထောင်၊ စခန်းအသီးသီးတွင် ပြစ်ဒဏ် ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူများကို နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အမိန့်အမှတ် (၁/၂၀၂၅) ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် ယင်းတို့ ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်၏ ၆ ပုံ ၁ ပုံကို လွတ်ငြိမ်း သက်သာခွင့်ပြုခြင်း၊ အမိန့်အမှတ် (၂/၂၀၂၅) ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်ဖြင့် အကျဉ်းသား/ အကျဉ်းသူ ၅၈၆၄ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့၍ ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု ခြင်း၊ အမိန့်အမှတ် (၃/၂၀၂၅) ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်အမိန့်ဖြင့် ထောင်ဒဏ်တစ်သက် ပြစ်ဒဏ်ကျခံလျက်ရှိ သော အကျဉ်းသား၊ အကျဉ်းသူ ၁၄၄ ဦးကို ထောင်ဒဏ်တစ်သက်မှ ထောင်ဒဏ် ၁၅ နှစ်သို့ လျှော့ပေါ့ ပြောင်းလဲပြီး ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခြင်းနှင့် အမိန့်အမှတ် (၄/၂၀၂၅) ပြစ်ဒဏ် လွတ်ငြိမ်းခွင့်အမိန့်ဖြင့် နိုင်ငံခြားသား အကျဉ်းသား၊ အကျဉ်းသူ ၁၈၀ ဦးကို စည်းကမ်းသတ်မှတ်ချက်ဖြင့် ယင်းတို့ကျခံရန် ကျန်ရှိသော ပြစ်ဒဏ်များအပေါ် လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးလိုက်ခြင်းတို့ကို မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်က ကြိုဆိုအပ်ပါသည်။

၂။ ယခုကဲ့သို့ ပြစ်ဒဏ်လွတ်ငြိမ်းသက်သာခွင့်ပြုခြင်းနှင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခြင်းသည် လူ့အခွင့်အရေး ဆိုင်ရာအပြုသဘောဆောင်သောလုပ်ဆောင်ချက်တစ်ရပ်ဖြစ်ပြီးပြစ်ဒဏ်လွတ်ငြိမ်းခွင့်ရရှိသူများအနေဖြင့်ဒီမိုကရေစီ နှင့် ဖယ်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံတော် တည်ဆောက်ရေးတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်နိုင်ကြမည်ဖြစ် ပါသည်။ နိုင်ငံခြားသား အကျဉ်းသား/ အကျဉ်းသူများကို ပြစ်ဒဏ်များ လျှော့ပေါ့ပြီး ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခြင်းသည် နိုင်ငံအချင်းချင်း မိတ်ဝတ်မပျက် ဆက်ဆံရေးကို အထောက်အကူဖြစ်စေသည့် ဆောင်ရွက် ချက် ဖြစ်သည်ဟု ရှုမြင်ပါသည်။

၃။ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်အနေဖြင့် ပြစ်ဒဏ်လွတ်ငြိမ်းခွင့် ရရှိသူများနှင့် ပြစ်ဒဏ် လွတ်ငြိမ်းခွင့် ရရှိသူများ၏ သက်ဆိုင်ရာ မိသားစုဝင်များနည်းတူ ဝမ်းမြောက် ပီတိဖြစ်ရပြီး အလားတူ အပြုသဘော ဆောင်သော လူ့အခွင့်အရေးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ဆောင်ရွက်ချက်များကို ဆက်လက် လုပ်ဆောင်သွားမည်ဟု ယုံကြည်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်**

## ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့တွင် ကျရောက်သည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲ အခမ်းအနားနှင့် ဂုဏ်ပြုညစာ စားပွဲသို့ ကော်မရှင်ဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ တက်ရောက်ခြင်း




ဇန်နဝါရီလ ၄ ရက်

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ဖိတ်ကြားရေးနှင့်ကြိုဆိုနေရာချထားရေးအဖွဲ့၏ ဖိတ်ကြားချက်အရ ၄-၁-၂၀၂၅ ရက်နေ့၊ ၀၇:၀၀ နာရီအချိန် နေပြည်တော်တွင် ကျင်းပပြုလုပ်သည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံအလေးပြုပွဲ အခမ်းအနားသို့ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင် ၁၀ ဦးနှင့် ညွှန်ကြားရေးမှူးချုပ်တို့ကလည်းကောင်း၊ ၁၈:၀၀ နာရီအချိန်ပြုလုပ်သည့် ဂုဏ်ပြုညစာ စားပွဲနှင့် ဂုဏ်ပြုဖျော်ဖြေပွဲ အခမ်းအနားသို့ ကော်မရှင်ဥက္ကဋ္ဌနှင့်ဇနီး၊ ကော်မရှင်အဖွဲ့ဝင် ဦးတင်ကိုကိုတို့ကလည်းကောင်း တက်ရောက်ခဲ့ကြပါသည်။

## ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးကျင်းပခြင်း

ဇန်နဝါရီလ ၈ ရက်

ကော်မရှင်၏ အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၂၅) ကို ၈-၁-၂၀၂၅ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီက တာဝန်ပေးအပ်သည့် အလှည့်ကျ ကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့်၊ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းလှိုင်ဦး၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။



## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) ၌ သင်ခန်းစာ ပို့ချ

ဇန်နဝါရီလ ၉ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါပြဋ္ဌာန်းချက်များနှင့် အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်းအမှတ်စဉ် (၆၀၊ ၆၁) သို့ ၉-၁-၂၀၂၄ ရက်နေ့ ၀၇:၄၀ နာရီမှ ၁၀:၄၀ နာရီ အချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ်သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေးအခြေခံ အယူအဆများ



အကြောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်း၊ အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်ကြီး (၉) ခု အကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းစသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ ခြေလျင်တပ်ရင်းမှူး သင်တန်းအမှတ်စဉ် (၆၀၊ ၆၁) ၌ သင်တန်းသားဦးရေ ၁၂၃ ဦး တက်ရောက်ခဲ့ကြပါသည်။

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ တောကြီးတန်း စိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှု အတတ်သင်စခန်းအား ကြည့်ရှုစစ်ဆေးခြင်း





ဇန်နဝါရီလ ၁၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးတင်အောင်နှင့် ဦးသန်းဝင်းတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကော်မရှင် ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ၁၀-၁-၂၀၂၅ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ တွံတေးမြို့နယ်ရှိ တောကြီးတန်း စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှု အတတ်သင်စခန်းအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

တောကြီးတန်းစိုက်ပျိုးမွေးမြူရေးနှင့်အသက်မွေးမှုအတတ်သင်စခန်းအားကြည့်ရှုစစ်ဆေးစဉ်အကျဉ်းသားများကို အိပ်ဆောင်များတွင်တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိရမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှုအခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ မိသားစုလာရောက် တွေ့ဆုံနိုင်မှု အခြေအနေ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာရရှိမှု အခြေအနေ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများရရှိမှု အခြေအနေ၊ ကျန်းမာကြံ့ခိုင်ရေးအတွက် ကိုယ်လက်လှုပ်ရှားအားကစားဆောင်ရွက်ပေးမှုအခြေအနေ၊ လုပ်ငန်းခွင်အတွင်း ဘေးအန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ထားရှိမှု အခြေအနေ၊ လုပ်ငန်းခွင်အတွင်း တာဝန်ပေးအပ်ရာတွင် ခွဲခြားဆက်ဆံမှု ရှိ မရှိ အခြေအနေနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ အခြေအနေ စသည်တို့ကို မေးမြန်းခဲ့ပြီး သီးခြားလွတ်လပ်စွာ တွေ့ဆုံခွင့် တောင်းခံသူ အကျဉ်းသားများကိုလည်း သီးခြားတွေ့ဆုံ မေးမြန်းမှတ်တမ်းတင်ခဲ့ပါသည်။

စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်းကို ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသားများ၏ အိပ်ဆောင်များ၊ဆေးခန်း၊စာကြည့်တိုက်၊စားဖိုကြီး၊ရိက္ခာဂိုထောင်၊ ရေသန့်ကန်၊ သုံးရေကန်များနှင့် အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိ စသည်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။ ထို့အပြင် အကျဉ်းသားများ လေ့လာဖတ်ရှုနိုင်ရန်အတွက် ဗဟုသုတရဖွယ် စာအုပ်စာပေများကို ကော်မရှင်မှ လှူဒါန်းခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကျန်းမာရေး ဆေးစစ်မှုခံယူခြင်း

ဇန်နဝါရီလ ၁၇ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်ဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်တို့အား ၂၀၂၅ ခုနှစ်၊ ပထမ (၆) လပတ်ဆေးစစ်မှုခံယူခြင်းကို၂၀၂၅ခုနှစ်၊ဇန်နဝါရီလ(၁၀) ရက်နှင့် (၁၇) ရက်နေ့များတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကျန်းမာဆေးစစ်မှုခံယူခြင်းကို ဆောင်ရွက်ခဲ့ပါသည်။ ကျန်းမာရေးဆေးစစ်မှု ခံယူရာတွင် သွေးစစ်ဆေးခြင်း၊ ခန္ဓာကိုယ်အတွင်း ရောဂါစစ်ဆေးခြင်းအား ဓါတ်မှန်ရိုက်စစ်ဆေးခြင်းနှင့် Ultrasound စစ်ဆေးခြင်းနှင့် ဆီး/ဝမ်းများ ဓါတ်ခွဲစစ်ဆေးခြင်းများ စစ်ဆေးမှုခံယူခဲ့ပါသည်။



## ကော်မရှင်ပုံမှန်အစည်းအဝေးကျင်းပခြင်း

ဇန်နဝါရီလ ၂၈ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၁/၂၀၂၅) ကို ၂၈-၁-၂၀၂၅ ရက်နေ့တွင် Conference Room ၌ ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါ အစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌက အဖွင့်အမှာစကား ပြောကြားခဲ့ပြီး မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များနှင့် ဌာနတာဝန်ခံ၊ ညွှန်ကြားရေးမှူးများက တင်ပြ ဆွေးနွေးခဲ့ကြပါသည်။



## ကော်မရှင်ရုံးမီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးများလေလွင့်မှုမရှိစေရေးကော်မရှင်ရုံးတွင်း လိုက်လံကြည့်ရှုစစ်ဆေးခြင်း

ဇန်နဝါရီလ ၇ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်သည် ၇-၁-၂၀၂၅ ရက်နေ့ ၁၀:၀၀ နာရီအချိန်၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့ဝင်များနှင့်အတူ ကော်မရှင်ရုံးတွင်း မီးဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လျှပ်စစ်မီးအသုံးပြုမှုများ လေလွင့်မှု မရှိစေရေး၊ ကော်မရှင်ရုံးအတွင်း အဆောက်အဦများ သက်တမ်းကြာရှည်စွာ အသုံးပြုနိုင်ရေး အတွက် အမျိုးသားအဆောင်၊ အမျိုးသမီးအဆောင်၊ စားချက်ဆောင်များ၊ အဆောက်အဦအမှတ် (၂)၊ (၂)ထပ်ဆောင်နှင့် ဌာန (၆) ခုတို့ကို အသေးစိတ် လိုက်လံစစ်ဆေးခဲ့ပြီး လိုအပ်သည်များ လမ်းညွှန်မှာကြားခဲ့ပါသည်။



## မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) ၌ သင်ခန်းစာ သွားရောက်ပို့ချ

ဇန်နဝါရီလ ၁၃ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ် သည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မှုခင်းရဲတပ်ဖွဲ့၊ လေ့ကျင့်ရေးဌာနခွဲ (အင်းစိန်) တွင် ဖွင့်လှစ်လျက်ရှိသော စုံထောက် (အရာရှိ) သင်တန်း အမှတ်စဉ် (၁၉၆/၂၀၂၄) သို့ ၁၃-၁-၂၀၂၅ ရက်နေ့ ၁၂:၃၀ နာရီမှ ၁၄:၅၅ နာရီအချိန်အထိ လူ့အခွင့်အရေး အသိပညာပေးဘာသာရပ် သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါသင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်း၊ လုပ်ငန်းဆောင်ရွက်ချက်များနှင့် လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက် ရေးအကြောင်း သိကောင်းစရာစသည့် သင်ခန်းစာဘာသာရပ်များ ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၈၀ ဦး၊ သင်တန်းသူ ၃၈ ဦး စုစုပေါင်း ၁၁၈ ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။



## “AICHR– SEANF REGIONAL WORKSHOP: SHARING GOOD PRACTICES AND EFFECTIVE REMEDY FOR MIGRANT WORKERS IN BUSINESS AND HUMAN RIGHTS IN ASEAN ” ခေါင်းစဉ်ဖြင့် အသိပညာမျှဝေဟောပြောပွဲ ကျင်းပ



ဇန်နဝါရီလ ၂ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေးကော်မရှင်၏ အသိပညာမျှဝေခြင်း အစီအစဉ် Knowledge Sharing Program အရ “AICHR – SEANF REGIONAL WORKSHOP: SHARING GOOD PRACTICES AND EFFECTIVE REMEDY FOR MIGRANT WORKERS IN BUSINESS AND HUMAN RIGHTS IN ASEAN” ခေါင်းစဉ်ဖြင့် အသိပညာမျှဝေဟောပြောပွဲကို ၂-၁-၂၀၂၅ ရက်နေ့၊ ၁၄:၀၀ နာရီအချိန်တွင် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပပြုလုပ်ခဲ့ပါသည်။

အသိပညာပေးဟောပြောပွဲတွင် ကော်မရှင်ဥက္ကဋ္ဌ ဦးပေါ်လွင်စိန်က အဖွင့်အမှာစကား ပြောကြားပါသည်။ ထို့နောက် ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် “ AICHR– SEANF REGIONAL WORKSHOP: SHARING GOOD PRACTICES AND EFFECTIVE REMEDY FOR MIGRANT WORKERS IN BUSINESS AND HUMAN RIGHTS IN ASEAN ” သို့ တက်ရောက်ခဲ့ကြ



သည့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်း နှင့် လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာမြင့်တို့က အလုပ်ရုံဆွေးနွေးပွဲမှ ရရှိခဲ့သည့်အတွေ့အကြုံများ၊ စိန်ခေါ်မှုများနှင့် ဗဟုသုတများကို အကျယ်တဝင့် ရှင်းလင်းတင်ပြပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများက သိရှိလိုသည်များကို မေးမြန်းခဲ့ကြပါသည်။

ဟောပြောပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးချုပ်နှင့် ရုံးခွဲများမှ အရာထမ်း/အမှုထမ်းများ တက်ရောက်ခဲ့ကြပြီး အသိပညာပေး ဟောပြောပွဲအား ၁၅:၄၀ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## ၂၀၂၅ လုပ်ငန်းစီမံချက် (Operational Plan ) လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်း

ဇန်နဝါရီလ ၁၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၏ ၂၀၂၅ လုပ်ငန်းစီမံချက် (Operational Plan) အင်္ဂလိပ်ဘာသာသို့ဘာသာပြန်ဆိုနိုင်ရေးလုပ်ငန်း ညှိနှိုင်း အစည်းအဝေးကို ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့ ၁၃:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့ပါသည်။ အစည်းအဝေးအစီအစဉ်အရ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်က အဖွင့်အမှာစကားပြောကြားပါသည်။ ထို့နောက် တက်ရောက်လာကြသည့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် ဌာနတာဝန်ခံများက ဌာနအလိုက် လုပ်ငန်းဆောင်ရွက်မှုများကို ဝိုင်းဝန်း အကြံပြုဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ၁၅:၀၀ နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။



## Learning Management System (LMS) ရေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပခြင်း



ဇန်နဝါရီလ ၁၅ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် လူ့အခွင့်အရေးပညာပေးရေးနှင့် အသိပညာမြင့်တင်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်နိုင်ရန် Learning Management System (LMS) ရေးဆွဲနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ၁၅-၁-၂၀၂၅ ရက်နေ့၊ နံနက် ၁၀:၃၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပခဲ့သည်။ အစည်းအဝေးတွင် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်သူမြိုင်၊ ဒေါက်တာတင်မောင်မောင်သန်း၊ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ပညာပေးရေးဌာနမှ တာဝန်ရှိသူများ၊ e-Government ဌာနမှ တာဝန်ရှိသူများနှင့် Code X ကုမ္ပဏီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အစည်းအဝေးတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်မှ LMS ၏ အခြေခံဖွဲ့စည်းမှုနှင့် လိုအပ်သော နည်းပညာပိုင်းဆိုင်ရာများ၊ လူ့အခွင့်အရေးအသိပညာ မြှင့်တင်ပေးရေးဆိုင်ရာ သင်တန်းများကို Online မှတဆင့် သင်ခန်းစာ ပို့ချနိုင်ရန်နှင့် လူ့အခွင့်အရေးပညာပေးရေးလုပ်ငန်းများကို ထိရောက်စွာ ပံ့ပိုးနိုင်ရန် LMS တည်ဆောက်မှုသည် မဖြစ်မနေလိုအပ်သည့် အစီအစဉ်တစ်ခုဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။ ထို့နောက် တာဝန်ရှိသူများက အကြံပြုဆွေးနွေးခဲ့ကြပြီး အစည်းအဝေးကို ၁၁:၃၀ နာရီ အချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ သင်ခန်းစာ သွားရောက်ပို့ချ

ဇန်နဝါရီလ ၂၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ

ဖြန့်ချီခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကောင်းခန့်ဇင်သည် အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ စုံစမ်းစစ်ဆေးမှု အတတ်ပညာသင်ကျောင်း (တောင်ငူ) ၌ ဖွင့်လှစ်လျက်ရှိသော စုံစမ်းရေးမှူး လုပ်ငန်းစွမ်းဆောင်ရည်မြင့်မားရေးသင်တန်း အမှတ်စဉ် (၇) သို့ ၂၀-၁-၂၀၂၅ ရက်နေ့တွင် ၁၃:၀၀ နာရီမှ ၁၅:၅၀ နာရီအချိန်ထိ လူ့အခွင့်အရေး စံတန်ဖိုးများ ဘာသာရပ်သင်ခန်းစာ ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသား ၁၅ ဦး၊ သင်တန်းသူ ၅ ဦး စုစုပေါင်း ၂၀ ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည် ဖြေကြားခဲ့ပါသည်။

## နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) ၌ ဖွင့်လှစ်လျက်ရှိသော သင်တန်းတို့တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာ ပို့ချ

ဇန်နဝါရီလ ၂၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချီခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းသည် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်) တွင် ဖွင့်လှစ်လျက်ရှိသော ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်းအမှတ်စဉ် (၁၆) နှင့် အဆင့်မြင့်အရာထမ်းသင်တန်းအမှတ်စဉ် (၁၉) တို့သို့ ၂၁-၁-၂၀၂၅ ရက်နေ့ ၁၃:၀၀ နာရီအချိန်မှ ၁၅:၅၅ နာရီအချိန်ထိ လူ့အခွင့်အရေးဆိုင်ရာ ဘာသာရပ် သင်ခန်းစာများအား Video Conferencing System ဖြင့် ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းများတွင် လူ့အခွင့်အရေးအခြေခံ အယူအဆများအကြောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာ စာတမ်းအကြောင်း၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း၊ ကုလသမဂ္ဂ လူ့အခွင့်အရေး ယန္တရားအကြောင်းစသည့် ဘာသာရပ်များပို့ချခဲ့ပါသည်။ ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးသင်တန်း အမှတ်စဉ် (၁၆) ၌ သင်တန်းသား ၁၄ ဦး၊ သင်တန်းသူ ၈ ဦး စုစုပေါင်း ၂၂ ဦး နှင့် အဆင့်မြင့်အရာထမ်းသင်တန်း အမှတ်စဉ် (၁၉) ၌ သင်တန်းသား ၂၈ ဦး၊ သင်တန်းသူ ၁၇ ဦး စုစုပေါင်း ၄၅ ဦး တက်ရောက်ခဲ့ကြပြီးသိရှိလိုသည့်မေးခွန်းများကိုမေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည် ဖြေကြားခဲ့ပါသည်။



SUSTAINABLE DEVELOPMENT GOALS




စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ

Goal (4) Quality Education

ပန်းတိုင် (၄) လူသားအားလုံးအကျုံးဝင်မှုရှိကာ ညီညွတ်မျှတပြီး အရည်အသွေးရှိသည့် ပညာသင်ယူနိုင်ရေးနှင့် အစဉ်လေ့လာသင် ယူနိုင်သော အခွင့်အလမ်း ရရှိရေး။

## ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) ၌ သင်ခန်းစာ သွားရောက်ပို့ချ

ဇန်နဝါရီလ ၂၃ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာမြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များဖြန့်ချိခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးသည် မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲအရာရှိအတတ်သင်ကျောင်း (မန္တလေး) တွင် ဖွင့်လှစ်လျက်ရှိသော အမှုစစ် (အရာရှိ) သင်တန်းအမှတ်စဉ် (၈၂/၂၀၂၄) ၌ ၂၃-၁-၂၀၂၅ ရက်နေ့တွင် ၀၇:၃၀ နာရီမှ ၀၉:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် လူ့အခွင့်အရေး အခြေခံအယူအဆများ၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းအကြောင်းနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ စသည့် ဘာသာရပ်သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသားဦးရေ ၁၇၈ ဦး တက်ရောက်ခဲ့ကြပြီး သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ပို့ချသူအရာရှိက ပြန်လည်ဖြေကြားခဲ့ပါသည်။



## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကက်သလစ်သီလရှင်လေးများ ဘိုးဘွားရိပ်သာအား ကြည့်ရှုစစ်ဆေးခြင်း





ဇန်နဝါရီလ ၂၄ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုး၊ ဦးဝင်းလှိုင်ဦးနှင့် ဦးသန်းဝင်းတို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၄-၁-၂၀၂၅ ရက်နေ့တွင် လူမှုဝန်ထမ်းဦးစီးဌာနကြီးကြပ်မှုအောက်ရှိ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ ကက်သလစ်သီလရှင်လေးများ ဘိုးဘွားရိပ်သာအား သွားရောက်၍ ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ကက်သလစ်သီလရှင်လေးများ ဘိုးဘွားရိပ်သာ၌ လက်ခံ စောင့်ရှောက်ပေးလျက်ရှိသော ဘိုးဘွားများအား အိပ်ဆောင်များတွင် သွားရောက်တွေ့ဆုံပြီး ကျန်းမာရေး စောင့်ရှောက်ပေးနေမှု အခြေအနေ၊ အစားအစာနှင့် အာဟာရ ဖြည့်ဆည်းကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်ရေနှင့် သုံးရေ ရရှိစေရန် ဆောင်ရွက်ပေးနေမှု အခြေအနေ၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်မှုအခြေအနေ၊ဘိုးဘွားအိပ်ဆောင်များ၊ ရေချိုးခန်း၊ သန့်စင်ခန်း၊ စားဖိုဆောင်

များ၊ ကျန်းမာရေးနှင့် ညီညွတ်အောင် ဆောင်ရွက်ထားရှိမှု အခြေအနေ၊ ဘိုးဘွားများ အနားယူအပန်းဖြေရန် စီစဉ်ဆောင်ရွက်ပေးထားမှုအခြေအနေနှင့် အသက် (၈၅) နှစ် ပြည့်ပြီးသော သက်ကြီး အဘိုး/အဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ကြေး ပေးနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ပါသည်။

## သက်ပြည့်အငြိမ်းစားယူမည့် ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်အား နှုတ်ဆက်ပွဲအခမ်းအနားကျင်းပပြုလုပ်ခြင်း





ဇန်နဝါရီလ ၃၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးမှ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်သည် အသက် (၆၅) နှစ်ပြည့် သက်ပြည့်ပင်စင်ယူမည်ဖြစ်ရာ ညွှန်ကြားရေးမှူးချုပ် ဦးဘုန်းကြွယ်အား နှုတ်ဆက်ပွဲအခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့ ၁၅:၀၀ နာရီအချိန် ကော်မရှင်ရုံး Conference Room တွင် ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ နှုတ်ဆက်ပွဲသို့ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်ဌာနတာဝန်ခံများ တက်ရောက်ခဲ့ကြပါ သည်။

နှုတ်ဆက်ပွဲတွင် ကော်မရှင်ဥက္ကဋ္ဌက ဦးစွာ နှုတ်ဆက်စကား ပြောကြားပါသည်။ ထို့နောက် ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက တစ်ဦးချင်း နှုတ်ဆက်စကားပြောကြားပါသည်။ထို့နောက်သက်ပြည့်အငြိမ်းစားယူမည့် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်အား အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ပြီး ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပါသည်။

## ကော်မရှင်ရုံးညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ပွဲ ကျင်းပပြုလုပ်ခြင်း

ဇန်နဝါရီလ ၃၀ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၊ ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း/ အမှုထမ်းများ တွေ့ဆုံဆွေးနွေးဖော်ထုတ်ခြင်း အမှတ်စဉ် (၁/၂၀၂၅) အခမ်းအနားကို ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်နေ့ ၁၅:၀၀ နာရီအချိန် ကော်မရှင်ရုံး အစည်းအဝေးခန်းမတွင် ကျင်းပပြုလုပ်ရာ ဦးစွာ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က အဖွင့်အမှာစကားပြောကြားပါသည်။

အစီအစဉ်အရ ကော်မရှင်ရုံး ဌာနတစ်ခုချင်းနှင့် ကော်မရှင်ရုံးခွဲများဖြစ်သော နေပြည်တော်၊ မန္တလေးနှင့် ပုသိမ်တို့ရှိ အရာထမ်း/ အမှုထမ်းများက ယင်းတို့၏ လိုအပ်ချက်များကို တင်ပြဆွေးနွေးခဲ့ကြပြီး ညွှန်ကြားရေး



မှူးချုပ်က ဖြည့်စွက်ဆွေးနွေးခဲ့ပါသည်။ ထို့နောက် ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်က ကော်မရှင်ရုံး ဝန်ထမ်းများ၏ တင်ပြချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပါသည်။

ဝန်ထမ်းများတွေ့ဆုံဆန္ဒဖော်ထုတ်ခြင်း အခမ်းအနားသို့ ကော်မရှင်ရုံး အရာထမ်း/ အမှုထမ်း ၆၈ ဦး တက်ရောက်ခဲ့ကြပြီး အခမ်းအနားကို ၁၆:၂၅ နာရီအချိန်တွင် ရုပ်သိမ်းခဲ့ပါသည်။

## စစ်ဦးစီးတက္ကသိုလ် (ကလော) တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများသွားရောက်ပို့ချ



ဇန်နဝါရီလ ၃၁ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်သည် ကော်မရှင်ဥပဒေပုဒ်မ ၂၂ (က) ပါ ပြဋ္ဌာန်းချက်များနှင့်အညီ အများပြည်သူ၏ လူ့အခွင့်အရေးအသိပညာ မြင့်မားလာစေရေးအတွက် သတင်းအချက်အလက်များ ဖြန့်ချီခြင်း၊ ပညာပေးခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် စစ်ဦးစီးတက္ကသိုလ် (ကလော) တွင် ဖွင့်လှစ်လျက်ရှိသော စစ်ဦးစီးတက္ကသိုလ်သင်တန်း၊ အမှတ်စဉ် (၇၂) ၌ ၃၁-၁-၂၀၂၅ ရက်နေ့၊ ၁၁:၄၀ နာရီအချိန်မှ ၁၅:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ သွားရောက်ပို့ချခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က လူ့အခွင့်အရေးအခြေခံ အယူအဆများနှင့် မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များအကြောင်း၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း၊ ကုလသမဂ္ဂ လူ့အခွင့်အရေးယန္တရားနှင့် ကမ္ဘာ့နိုင်ငံများ၏လူ့အခွင့်အရေး အခြေအနေများကို ပုံမှန်သုံးသပ်သည့် လုပ်ငန်းစဉ် အကြောင်းစသည့် ဘာသာရပ် သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်းတွင် သင်တန်းသားအရာရှိကြီး ၁၇၅ ဦး တက်ရောက်ခဲ့ကြပြီး တက်ရောက်လာသော သင်တန်းသား အရာရှိကြီးများမှ သိရှိလိုသည့် မေးခွန်းများ မေးမြန်းခဲ့ကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူး တို့က ပြန်လည်ရှင်းလင်းဖြေကြားခဲ့ပါသည်။



## ကော်မရှင်ရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ထောက်ပံ့အသုံးစရိတ် ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်

ဇန်နဝါရီလ ၃၀ ရက်

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် ဘဏ္ဍာရေးဌာနခွဲမှ အရာထမ်း (၂) ဦး ပါဝင်သော အဖွဲ့သည် ၃၀-၁-၂၀၂၅ ရက်နေ့၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနတွင် ကျင်းပပြုလုပ်သော ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်အသုံးစရိတ် စိစစ်ရေးညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ပါသည်။

## ကော်မရှင်ရုံးဝန်ထမ်းများအား ဟင်းသီးဟင်းရွက်များ သက်သာဈေးနှုန်းဖြင့် ပြန်လည်ရောင်းချခြင်း

ဇန်နဝါရီလ ၅ ရက်

မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင်ရုံးမှ ၅-၁-၂၀၂၅ ရက်နေ့၊ ၁၅:၀၀ နာရီအချိန် ရန်ကုန်တိုင်း စစ်ဌာနချုပ်၊ ဟင်းသီးဟင်းရွက်စိုက်ခင်းများမှ မုန်းညှင်းစိမ်း၊ ထိုင်ဝမ်မုန့်ညှင်း၊ ကန်ဇွန်းရွက်၊ ချဉ်ပေါင်ရွက်၊ ဗူးသီး၊ ရွှေဖယုံသီး၊ သခွါးသီးများအား ဝယ်ယူ၍ ကော်မရှင်ရုံးဝန်ထမ်းများအတွက် သက်သာသောဈေးနှုန်းဖြင့် ပြန်လည်ရောင်းချခြင်း ပြုလုပ်ခဲ့ပါသည်။



## တိုင်တန်းချက်များစိစစ်ဆောင်ရွက်ခြင်း

လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ရေးဌာနသည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလအတွင်း တိုင်တန်းချက် (၂၀) စောင် စိစစ်ဆောင်ရွက်ခဲ့ပါသည်။ တိုင်တန်းချက်များကို ကော်မရှင်စုံစမ်း စစ်ဆေးရေးအဖွဲ့ အစည်းအဝေး (၄) ကြိမ် ကျင်းပပြုလုပ်၍ စိစစ်ခဲ့ရာ တိုင်တန်းချက် (၄) စောင်ကို ကာယကံရှင်ထံသို့ အကြံပြုပြန်ကြားခဲ့ပြီး တိုင်တန်းချက် (၁၆) စောင်ကို ကော်မရှင် ဥပဒေပုဒ်မ ၃၂ (ခ) အရလည်းကောင်း၊ ကော်မရှင်ဥပဒေပုဒ်မ ၃၂ (ဂ) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (က) အရလည်းကောင်း၊ ကော်မရှင် ဥပဒေပုဒ်မ ၃၇ (ခ) အရလည်းကောင်း၊ ယခင်ဆောင်ရွက်ပြီးဖြစ်ခြင်းကြောင့်လည်းကောင်း၊ တိုင်စာအင်္ဂါရပ်နှင့် မညီညွတ်၍လည်းကောင်း မှတ်တမ်းထားရှိခဲ့ပါသည်။

*****

# ENGLISH SECTION

Vol. 4, No. 2, FEBRUARY 2025

## Conducting Human Rights Awareness Raising Talk

January 7

In accordance with Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is dedicated to raise public awareness on human rights through the dissemination of information and public education.

To further enhance the understanding of human rights among the executive members of the Republic of the Union of Myanmar Interfaith Friendship Organization (Central), as well as members from Yangon Region, districts, and townships, and to support the organization's goal of promoting cooperation and solidarity in public welfare efforts, a human rights awareness seminar was held at the Esperado Lake View Hotel in Yangon on January 7, 2025, from 14:00 to 17:00. The event was attended by U Paw Lwin Sein, Chairman of the Myanmar National Human Rights Commission, along with fellow commissioners, officers, and staff; U Wunna, Chairman of the Union of Myanmar Interfaith Friendship Organization (Central), Vice-Chairmen, executive members, and 250 other guests.

During the opening ceremony, the Chairman of the Myanmar National Human Rights Commission delivered the keynote address. The Chairman of the Republic of the Union of Myanmar Interfaith Friendship Organization (Central) then expressed gratitude for the talk. Commissioner Dr. Than Myint subsequently presented on the fundamental concepts of human rights, exploring their broad interpretations, characteristics, and categories. U Zaw Lwin Htoo, Director of the Commission Office, shared insights into the history of the Universal Declaration of Human Rights, particularly focusing on the right to freedom of religion as specified in the Declaration. Additionally, Deputy Director Daw Mi Mi Khaing discussed the establishment and activities of the Myanmar National Human Rights Commission. The session concluded with a Q&A and discussion period, wrapping up at 17:00.

## Myanmar National Human Rights Commission Statement No. (1/2025)

January 5

1. In commemoration of the 77th Anniversary of Independence Day, which falls on 4 January 2025, the State Administration Council issued State Administration Council Order No. (1/2025), which granted remission of one-sixth of the remaining sentences to be served, for prisoners incarcerated in respective prisons, jails, and camps under existing laws; Order No. (2/2025), a total of 5,864 prisoners serving sentences in respective prisons, jails, and camps were conditionally pardoned; Order No. (3/2025), commuted the life sentences of 144 prisoners in respective prisons and jails to 15-year imprisonment, and Order No. (4/2025), 180 foreign prisoners from the respective prisons has remitted and deported. The Myanmar National Human Rights Commission welcomes these acts of clemency.

2. These actions reflect the positive step in terms of human rights, and it is expected that the released prisoners will be able to participate in some way in establishing a State based on democracy and a federal system. The granting of remission and deportation of foreign prisoners is also viewed as a step to promote friendly relations between nations.

3. The Myanmar National Human Rights Commission is delighted to share the joy with the relevant family members of those who have been released and hopes that similar positive human rights and humanitarian actions will continue to be carried out.

**Myanmar National Human Rights Commission**

## MNHRC Gives Human Rights Lecture at Myanmar Army Combat Force School (Bayintnaung)

January 9

Myanmar National Human Rights Commission is gearing up to promote public awareness of human rights through the provision of information and education under Section 22 (a) of the Myanmar National Human Rights Commission Law.

Dr. Than Myint, the Commissioner and U Zaw Lwin Htoo, the Director of the Commission office, gave lectures on human rights at the Battalion Commander Training Course No. (60, 61) hosted by the Myanmar Army Combat Force School (Bayintnaung) on 9 January 2024 from 07:40 to 10:40. In this context, Dr. Than Myint presented the lecture on Concept of Human Rights and U Zaw Lwin Htoo addressed the lectures on Universal Declaration of Human Rights (UDHR), Nine Core International Human Rights Conventions, Organization and Functions of Myanmar National Human Rights Commission. A total of 123 participants attended the course mentioned above.

## The Myanmar National Human Rights Commission inspects Tawgyitan Labour Camp

January 10

On 10 January 2025, the inspection team, led by U Tin Aung and U Than Win, the Commissioners of the Myanmar National Human Rights Commission (MNHRC) conducted an inspection of Tawgyitan Labour Camp in Twante Township, Yangon Region, in accordance with Sections 43 and 44 of the Commission Law.

Inspection team conducted a visit to Tawgyitan Labour Camp to assess whether prisoners were afforded their fundamental rights, including an appropriate food supply, access to healthcare, and provision of sufficient purified water. The team inquired whether the prisoners had received items issued by the prison and items sent by their families, and whether they were permitted family visits. Additionally the team evaluated the conditions of physical activities, workplace environments, safety measures, and investigated any instances of workplace discrimination, and torture. Prisoners who wished to report concerns were also interviewed privately by the inspection team.

Furthermore, the inspection team examined the dormitories, clinic, library, kitchen, food storage, clean water tank and water sanitation system of the labour camp. The MNHRC also donated general knowledge books for the benefit

of the prisoners.

MNHRC inspection team will send its findings and recommendations to the relevant department in accordance with the MNHRC law for necessary actions.

## MNHRC Gives Human Rights Lecture at Detective Training School (Insein)

January 13

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively promotes public awareness of human rights, U Phone Kywel, the Director General of the Commission office, addressed the lectures on human rights at the Detective Officer Training Course (196/ 2024) which commenced at Detective Training School (Insein) on 13 January 2025 from 12:30 to 14:55. In this regard, the Director General focused the lectures on Human Rights Concept, the Organization and Functions of Myanmar National Human Rights Commission and related issues to Protection of Human Rights. The lecturer then responded to the trainees' questions. A total of 118 officers including 38 female officers attended the aforementioned course.

## MNHRC Gives Human Rights Lecture at Investigation Training School (Taungoo) of Bureau of Special Investigation

January 20

According to Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public knowledge of human rights by disseminating information and educating the public as much as possible. U Kaung Khant Zin, the Assistant Director of the Commission office, gave lectures on human rights at Capacity Building Course for Investigator (No.7) held at the Investigation Training School (Taungoo) of Bureau of Special Investigation on 20 January 2025 from 13:00 to 15:50. In this context, the Assistant Director covered subjects such as Human Rights Norms. The lecture was followed by the question and answer section. A total of 20 officers including 5 female officers attended the course mentioned above.

## MNHRC Gives Human Rights Lecture at Civil Service Academy (Upper Myanmar)

January 21

Under Section 22 (a) of the Myanmar National Human Rights Commission Law, the Commission actively Promotes Public awareness of Human rights. Dr. Khine Khine Win, Deputy Director–General of the Myanmar National Human Rights Commission Office, addressed the lectures on various human rights topics at the Civil Service Academy (Upper Myanmar) on 21 January 2025 from 13:00 to 15:55 via Video Conferencing System. During the Management Courses for Executive Level Officials (No.16) and Senior Level Officials (No.19), she covered subjects such as Human Rights concept, the Universal Declaration of Human Rights (UDHR), the establishment of the Myanmar National Human Rights Commission and its activities, the United Nations human rights mechanism. A total of 22 Deputy Director Generals including 8 female officials attended the Management Course for Executive Level Officials (No.16) and a total of 45 Directors including 17 female officials at the

Management Course for Senior Level Officials (No.19). The lecturer responded to inquiries from the trainees.

## MNHRC Gives Human Rights Lecture at Police Officer Tactical Training Institute (Mandalay)

January 23

As part of the Commission's promotion of human rights awareness raising under Section 22 (a) of the Myanmar National Human Rights Commission Law, U Zaw Lwin Htoo, Director of the Commission Office, gave the lectures on human rights at the Investigation Officer Training Course No. (82/ 2024), hosted by the Police Officer Tactical Training Institute (Mandalay) on 23 January 2025 from 7:30 to 9:50. In this regard, the Director covered lectures on the Human Rights Concept, Universal Declaration of Human Rights and the Organization and Functions of Myanmar National Human Rights Commission. Following the lectures, the lecturer accepted the questions from the trainees. A total of 178 officers attended the course mentioned above.

## The Myanmar National Human Rights Commission inspects Catholic Home for the Aged Poor

January 24

On 24 January 2025, the inspection team, led by U Kyaw Soe, U Win Hlaing Oo and UThan Win, the Commissioners of the Myanmar National Human Rights Commission (MNHRC) conducted an inspection of the Catholic Home for the Aged Poor under Social Welfare Department in Mingalar Taungnyunt Township, Yangon Region.

During the inspection, the team conducted a visit to Catholic Home for the Aged Poor investigated whether the residents were enjoying fundamental rights including health services, appropriate food, provision of purified drinking water, right to freedom of religion, adequate dormitories, arrangements for leisure and old age social pension for those who were 85 years old and above.

MNHRC inspection team will send its findings and recommendations to the relevant department in accordance with the MNHRC law for necessary actions.

## MNHRC Gives Human Rights Lecture at the Command and General Staff College (Kalaw)

January 31

By Section 22 (a) of the Myanmar National Human Rights Commission Law, the Commission is preparing to raise public awareness of human rights by disseminating information and educating the public as much as possible. The Commissioner Dr. Than Myint and Director U Zaw Lwin Htoo gave the lectures on human rights at the Command and General Staff Course (No.72) which commenced at the Command and General Staff College (Kalaw) on 31 January 2025 from 11:40 to 15:50. In this context, the Commissioner Dr. Than Myint presented the lectures on Human Rights Concept, Organization and functions of Myanmar National Human Rights Commission and the Director U Zaw Lwin Htoo also focused on the lectures on Universal Declaration of Human Rights, United Nation Human Rights Mechanism and Universal Periodic Review. The lecturers were followed by the question and answer section. A total of 175 senior army officers attended the aforementioned course.

## Status of Handling Complaints

For the January 2025, MNHRC received 20 Complaints on the violations addressed to the Commission. The complaint investigation team held complaint screening meetings for examining the total of 20 complaints. In 4 cases, the complainants were advised on more appropriate remedies. The 16 cases which were not in line with the ceiteria of complaint.

*****

# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၀၁၆၅၄၆၇၀

Website: https://mnhrc.org.mm

| | | | |
|---|---|---|---|
| **နေပြည်တော် (ရုံးခွဲ)**<br>သဇင်လမ်းနှင့်ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်။<br>ဖုန်း– ၀၆၇၃၄၃၂၅၉၅ | **မန္တလေး(ရုံးခွဲ)**<br>ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။<br>ဖုန်း– ၀၉၅၃၄၃၆၅၀ | **စစ်တွေ (ရုံးခွဲ)**<br>ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရုံး၊ စစ်တွေမြို့။<br>ဖုန်း– ၀၉၄၂၅၈၆၀၀၀၈ | **ပုသိမ် (ရုံးခွဲ)**<br>အမှတ် (၁၃) ရပ်ကွက်၊ မဟာစေတီလမ်းမကြီး၊ မြို့နယ်စုပေါင်းရုံး၊ ပုသိမ်မြို့။<br>ဖုန်း– ၀၄၂၂၉၃၂၇ |

e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။
e-government@mnhrc.org.mm